# “ပေါက်ဖော်ချစ်ကြည်ရေး”

တရုတ်ပြည်သတင်းဌာန (China News Service) သတင်းဌာန ပေကျင်းမြို့ မေလ(၁၃)ရက်နေ့တွင် ပေးပို့သောသတင်းအရ “တစ်ဇုန်တစ်လမ်း”အပြည်ပြည်ဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်မှုထိပ်သီးဖိုရမ်သည် မေလ(၁၄)ရက်နေ့မှ(၁၅)ရက်နေ့ထိ ပေကျင်းမြို့တွင် ကျင်းပခဲ့သည်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံအခြေစိုက်မြန်မာသံအမတ်ကြီးဦးသစ်လင်းအုန်းကတရုတ်ပြည်သတင်းဌာနမှ သတင်းထောက်၏မေးမြန်းခြင်းကိုဖြေကြားသည့်အခါ ထိုကဲ့သို့ပြောသွားပါသည်။ မြန်မာတရုတ်နှစ်နိုင်ငံပြည်သူလူထုအကြား အပြန်အလှန်နားလည်ပေးမှုနှင့်အားပေးထောက်ပံ့မှုသည် “တစ်ဇုန်တစ်လမ်း”အကြံပြုချက်၏ အရေးပါဆုံးသော အခြေခံအုတ်မြစ်ဖြစ်သည်။

“ယခုနှစ် ဇွန်လ(၈)ရက်နေ့တွင် ကျွန်တော်တို့ မြန်မာနှင့်တရုတ်သံတမန်ဆက်ဆံရေး(၆၇)နှစ်ပြည့်အထိမ်းအမှတ်သို့ရောက်ရှိတော့မည်ဖြစ်သည်။ သို့သော် မြန်မာတရုတ်ချစ်ကြည်ရေးသည် နှစ်ပေါင်းထောင်ချီသော သမိုင်းရှိနေပြီဖြစ်သည်။” ဟု ဦးသစ်လင်းအုန်းက မြန်မာတရုတ်ချစ်ကြည်ရေးဆက်ဆံရေးအကြောင်းကိုပြောဆိုသည်။” မြန်မာနိုင်ငံသည် တရုတ်ပြည်သစ် တည်ထောင်ပြီးနောက်တွင်တရုတ်နိုင်ငံနှင့် ပထမဦးဆုံးသံတမန်ဆက်ဆံရေးကို တည်ထောင်ခဲ့သောနိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံသည်“တရုတ်တစ်နိုင်ငံ”မူဝါဒကိုသာ ခိုင်မာစွာထောက်ခံပြီး တရုတ်နိုင်ငံနှင့်အတူ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းမူကြီး(၅)ချက်ကိုလည်း အတူတကွအဆိုပြုဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသည် ပြည်တွင်းနိုင်ငံရေးများကို အပြန်အလှန်စွက်ဖက်နှောင့်ယှက်မှုများကို မပြုကြပေ။

၂၀၁၁ခုနှစ်တွင်မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံသည်ပူးပေါင်းပြီး ဘက်စုံဗျူဟာအကျိုးတူပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်နိုင်ငံအဖြစ်တည်ထောင်ရန် ကြေငြာချက်များကိုထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဝမ်ရိသည် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသစ်ထူထောင်ပြီးနောက်တွင် မြန်မာနိုင်ငံသို့ရောက်ရှိလာသော ပထမဦးဆုံးသော နိုင်ငံခြားရေးဝန်ကြီးဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၏နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူးကိုတာဝန်ယူပြီးနောက်တွင် တရုတ်နိုင်ငံကို ပထမဦးဆုံးခရီးစဉ်ထွက်သည့် အာဆီယံအသင်းဝင် နိုင်ငံမဟုတ်သော နိုင်ငံအဖြစ်ရွေးချယ်ခဲ့သည်။ “သမိုင်းရာဇဝင်မှယခုအချိန်ထိတိုင် မြန်မာတရုတ်နှစ်နိုင်ငံဆက်ဆံရေး၏ အသေးစိတ်အချက်အလက်များသည် နှစ်နိုင်ငံချစ်ကြည်ရေးများကိုဖော်ပြနေပါသည်။”

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသစ်တည်ထောင်ပြီးနောက်တွင် မြန်မာတရုတ်ချစ်ကြည်ရေးသည်လည်း ပိုမိုခိုင်မြဲလာသည်။ ဦးသစ်လင်းအုန်းက ထိုကဲ့သို့ပြောသည်။ လက်ရှိမြန်မာနိုင်ငံသည် အစိုးရသစ်၏ အစိုးရအာဏာများတည်ငြိမ်စွာကူးပြောင်းနေသည့်ကာလဖြစ်သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏တိုးတက်ဖွံ့ဖြိုးမှုအတွက် အကူအညီများစွာပေးအပ်ခဲ့သည်။ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအကြံပြုချက်သည်လည်း မြန်မာနိုင်ငံအတွက် အကျိုးဆောင်နိုင်ခဲ့သည်။

ဦးသစ်လင်းအုန်းကထိုကဲ့သို့ပြောသည်။ “ကုန်းလမ်းပဲဖြစ်စေရေလမ်းပဲဖြစ်စေ ‘တစ်ဇုန်တစ်လမ်း’သည် တစ်ကမ္ဘာလုံးကို ချိတ်ဆက်ပေးထားသည်။ အဆိုပါအကြံပြုချက်သည် တရုတ်နိုင်ငံမှ အခြားနိုင်ငံတစ်နိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည်ကို ဆိုလိုသည်ထက် လမ်းတစ်လျှောက်ဒေသများ၏ အကျိုးအမြတ်များကိုပါစဉ်းစားထားပါသည်။”

ဦးသစ်လင်းအုန်းက ထိုကဲ့သို့ အကြောင်းထုတ်ပြန်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် “တစ်ဇုန်တစ်လမ်း” အကျိုးတူပူးပေါင်းဆောင်ရွက်မှု ထိပ်သီးဖိုရမ်သို့ တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံအခြေခံအဆောက်အဦးတည်ဆောက်ရေးနှင့် စီးပွားရေးကူးသန်းရောင်းဝယ်ရေးစသည့် သက်ဆိုင်ရာဌာနများမှ ဝန်ကြီးများလည်း အတူလိုက်ပါလာခဲ့သည်။ “နိုင်ငံတကာအစိုးရနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသည် ဖင်းထိပ်သီးဖိုရမ်ပလက်ဖောင်းကိုအမှီပြုပြီး အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်လိမ့်မည်ဟု ကျွန်တော်တို့တွေ ယုံကြည်ပါသည်” ဦးသစ်လင်းအုန်းက ထိုကဲ့သို့ပြောသည်။“တစ်ဇုန်တစ်လမ်း” အကြံပြုချက်ထဲတွင် အရေးပါသော ကဏ္ဍတစ်ရပ်သည် အခြေခံအဆောက်အဦးတည်ဆောက်ခြင်းကို ကောင်းမွန်စွာအကောင်အထည်ဖော် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံဘက်မှ အဆိုပါဖိုရမ်မှတစ်ဆင့် အသေးစိတ်ပေါ်လစီများထွက်ပေါ်လာအောင် မြန်မာတရုတ် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မြဲသွားစေရန် မျှော်လင့်နေပါသည်။

“သမ္မတရှီကျင့်ဖိန်က ပြောခဲ့ဖူးသည်မှာ တရုတ်မြန်မာနှစ်နိုင်ငံသည် တောတောင် ရေမြေချင်းဆက်စပ်လျက်ရှိသည်။ ပေါက်ဖော်ချစ်ကြည်ရေးခိုင်မြဲပါသည်။ ထာဝရအိမ်နီးချင်းကောင်း၊ သူငယ်ချင်း ကောင်း၊ ပေါက်ဖော်ကောင်း၊



မိတ်ဆွေကောင်းဖြစ်အောင် အတူနေထိုင်ကြရအောင်။ အဆိုပါအချက်သည် မြန်မာတရုတ် အကျိုးတူပူးပေါင်းဆောင်ရွက်မှုတွင် အလွန်အရေးပါလှသည်” မြန်မာတရုတ်နှစ်နိုင်ငံ၏ နက်ရှိုင်းသောချစ်ကြည်ရေးသည် အစိုးရများအကြားတွင် တည်ရှိသည်သာမက လူမျိုးများနှင့်ပြည်သူလူထုများအကြား၏ ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးတွင်လည်း တည်မြဲနေပါသည်”ဟု ဦးသစ်လင်းအုန်းက အင်တာဗျူးဖြေကြားသည့်အခါ အကြိမ်ကြိမ်ပြောကြားသည်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အရေးပါသော အိမ်နီးချင်းနိုင်ငံဖြစ်သည်။ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းကြောင်းသည် ကီလိုမီတာ(၂၀၀၀)ကျော်ရှည်လျားသည်။ “မြန်မာနိုင်ငံပြည်သူလူထုနှင့် တရုတ်နိုင်ငံပြည်သူလူထုအကြား၏ ချစ်ကြည်ရင်းနှီးမှုသည် တမင်သတ်မှတ်ထားခြင်းမဟုတ်ပဲ ဖွံ့ဖြိုးတိုးတက်မှုများအကြားတွင် တည်ထောင်လာခဲ့ခြင်းဖြစ်သည်။”

ယခုနှစ်ဧပြီလတွင် မြန်မာနိုင်ငံသမ္မတဦးထင်ကျော်သည် တရုတ်နိုင်ငံသို့လေ့လာရေးခရီးထွက်ခဲ့ပြီး ချိန်တူ၊ ရှမ်ဟဲ၊ ပေကျင်း၊ ကူမင်း စသည့်မြို့များသို့ရောက်ရှိခဲ့သည်။ မြန်မာတရုတ်နှစ်နိုင်ငံသည် ကဏ္ဍ(၉)ရပ်အတွက်အကျိုးတူပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်များကိုချုပ်ဆိုခဲ့သည်။ စွမ်းအင်၊ စီးပွားရေးကူးသန်းရောင်းဝယ်ရေး၊ ကျန်းမာရေး၊ ဆေးကုသမှု၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍပေါင်းစုံပါဝင်ပါသည်။ “အဆိုပါသဘောတူညီမှုစာချုပ်သည် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှု၏ အခြေခံအုတ်မြစ်နှင့် ကတိပြုခံယူချက်များဖြစ်သည်။ အဆိုပါကတိပြုချက်များကို အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် အရေးကြီးသောအခြေခံကျသောအချက်သည် နှစ်နိုင်ငံပြည်သူလူထု၏ အပြန်အလှန်နားလည်ပေးမှုပင်ဖြစ်သည်။”

“ယခုလက်ရှိကမ္ဘာပေါ်တွင် ပြောင်းလဲမှုများစွာဖြစ်ပေါ်နေသည်။ လူအများ၏အတွေးအခေါ်များကိုလည်း ပြောင်းလဲစေသည်။ သို့သော်ကမ္ဘာကြီးမည်ကဲ့သို့ပြောင်းလဲစေကာမူ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၏ချစ်ကြည်ရေးကိုမပြောင်းလဲစေပါ။ အဆိုပါအချက်ကိုသိရှိထားခြင်းသည် နှစ်နိုင်ငံပြည်သူလူထုအတွက် အလွန်အရေးကြီးလှသည်။”ဟု ဦးသစ်လင်းအုန်းက ထုတ်ဖော်ပြောကြားသည်။ ယခုလက်ရှိတွင် တရုတ်နိုင်ငံသားအများအပြားကမြန်မာနိုင်ငံအကြောင်းကို မသိကြပါ။ မြန်မာနိုင်ငံသားအများစုကလည်း တရုတ်နိုင်ငံအကြောင်းကို နားမလည်ကြပါ။ အကယ်၍ နှစ်နိုင်ငံပြည်သူလူထုများအတူထိုင်ကာ ရင်တွင်းအတွေးအခေါ်များကို အပြန်အလှန်ထုတ်ဖော်ဖလှယ်နိုင်ခွင့်ရှိပါက သူတို့တတွေအပြန်အလှန်နားလည်ပေးမှုကို ပိုမိုဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်။

“Seeing is believingမြင်တွေ့ခြင်းသည် ယုံကြည်ခြင်းဖြစ်သည်။” ဟု ဦးသစ်လင်းအုန်းကယူဆပါသည်။ မျက်စိဖြင့်မြင်တွေ့ရသော အရာများကသာ မျက်မြင်သက်သေဖြစ်သည်။ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူ့အဖွဲ့အစည်းများသည် နှစ်နိုင်ငံပြည်သူလူထုဆက်ဆံရေးကို တိုက်တွန်းပေးသင့်သည်။ နှစ်ဦးနှစ်ဖက်၏ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဆေးကုသမှုကဏ္ဍများတွင် ဘက်စုံအကျိုးတူပူးပေါင်းဆောင်ရွက်မှုကို ရရှိစေရန်ကြိုးပမ်းရမည်။

ဦးသစ်လင်းအုန်းက ပြည်သူလူထုအကြားဆက်ဆံရေးသည် အလွန်အရေးပါသောကဏ္ဍတွင်ပါဝင်သည်ကို အထူးပြောကြားသည်။ “နှစ်နိုင်ငံသည် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သည့်အခါတွင် အစိုးရများအကြား တရားဝင်ရေးထိုးထားသော သဘောတူစာချုပ်အပြင် ပြည်သူများအကြားအပြန်အလှန်ဆက်ဆံရေးသည် လူအများကိုပိုမိုရင်းနှီးစေပါသည်။ မြန်မာနိုင်ငံသားများနှင့်တရုတ်နိုင်ငံသားများ အမှန်တကယ်ပြည်သူအချင်းချင်း စိတ်ချင်းနီးစပ်အောင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။”

ဦးသစ်လင်းအုန်းက ထိုကဲ့သို့ပြောသည်။ မြန်မာနိုင်ငံသည် အခြေခံအဆောက်အဦးတည်ဆောက်ရေး၊ လျှပ်စစ်အားအရင်းအမြစ်နှင့် သိပ္ပံနည်းပညာစသည့်ကဏ္ဍများတွင် လိုအပ်ချက်များရှိနေသေးသည်။ မြန်မာနိုင်ငံသည် နောက်နောင်တွင် အဆိုပါကဏ္ဍများ၏ တည်ဆောက်မှုကို အားစိုက်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါအခြေခံများကိုအမှီပြုပြီး ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်၊ တရုတ်နိုင်ငံနှင့်အပြန်အလှန်ပညာတော်သင် ကျောင်းသားကျောင်းသူများ စေလွှတ်ခြင်းနှင့် မြန်မာနိုင်ငံပြည်ဝင်ခွင့်ဗီဇာများကို လွယ်ကူစွာလျှောက်ထားနိုင်ရေးစသည့် ဝင်ထွက်သွားလာခွင့်လွယ်ကူစေမည့် လုပ်ငန်းဆောင်တာများကို လုပ်ဆောင်သွားမည်ဖြစ်သည်။ နှစ်နိုင်ငံပြည်သူလူထုအား “တစ်ဇုန်တစ်လမ်း”အကြံပြုချက်၏ ပေါ်လစီကောင်းဖြင့် အကျိုးအမြတ်ဖြစ်ထွန်းစေခြင်း၊ ပြည်သူလူထုအချင်းချင်းစိတ်ချင်းဆက်ကာ နှစ်နိုင်ငံ၏အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိုဖြစ်ထွန်းအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။